# လက်နက်ကိုင်ပဋိပက္ခများအတွင်းစာသင်ကျောင်းများနှင့်တက္ကသိုလ်များကိုစစ်ပွဲအတွက်အသုံးပြု ခြင်းမှကာကွယ်သောလမ်းညွှန်ချက်များ

လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သော မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမဆို ၎င်းတို့၏ စစ်ရေးဆိုင်ရာကြိုးပမ်းမှုများနှင့်ပတ်သက်သည့် မည်သည့်ရည်ရွယ်ချက်အတွက်ဖြစ်စေ စာသင်ကျောင်းများ၊ တက္ကသိုလ်များကို အသုံးမပြုရန် လေးနက်စွာတိုက်တွန်းပါသည်။ အချို့သောကိစ္စရပ်များတွင် စာသင်ကျောင်းများ၊ တက္ကသိုလ်များကို အသုံးပြုခြင်းသည် စစ်ပွဲဆိုင်ရာဥပဒေသများနှင့် ဆန့်ကျင်မှုမရှိသည်ကို အသိအမှတ်ပြုသည့် တစ်ချိန်တည်းမှာပင် ပါဝင်သူများအားလုံးအနေဖြင့် ကျောင်းသူကျောင်းသားများ၏ပညာရေး၊ လုံခြုံရေးတို့ကို ထိခိုက်စေမည့် လုပ်ဆောင်မှုများကို ရှောင်ရှားသင့်ပါသည်။ ထို့အတွက် အောက်ပါအချက်အလက်များကို လမ်းညွှန်ချက်များအဖြစ် အသုံးပြု ခြင်းအားဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော လုပ်ဆောင်ချက်များ ဖြစ်လာစေပါလိမ့်မည်။

လမ်းညွှန်ချက် (၁) လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သော မည်သည့် လက်နက်ကိုင်အဖွဲ့အစည်းမဆို ၎င်းတို့၏ စစ်ရေးဆိုင်ရာကြိုးပမ်းမှုများနှင့်ပတ်သက်သည့် မည်သည့်ရည်ရွယ်ချက်အတွက်ဖြစ်စေ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၏လုပ်ငန်းဆောင်တာများကို အသုံးမပြုသင့်ပါ။

(က) ဤအချက်သည် လက်ရှိတွင်စာသင်ကြားနေခြင်းမရှိဘဲ ခေတ္တခဏပိတ်ထားရသော စာသင်ကျောင်းများ၊ တက္ကသိုလ်များနှင့်လည်းသက်ဆိုင်ပါသည်။ ထိုအချိန်များထဲတွင် ကျောင်းပိတ်ရက်များ၊ အားလပ်ရက်ပိတ်ရက်များ၊ လေ့လာရေးခရီးအတွက်ခဏတာပိတ်ထားခြင်းများ အကျုံးဝင်သည်။

(ခ) စာသင်ကျောင်းများနှင့် တက္ကသိုလ်များကိုစစ်ရေးဆိုင်ရာရည်ရွယ်ချက်များအတွက်အသုံးပြုနိုင်ရန်အလို့ငှာ လစ်လပ်သောနေရာများဖြစ်သွားစေရန်အတွက် လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သောသက်ဆိုင်သူများသည် ပညာရေးဆိုင်ရာစီမံခန့်ခွဲသူများအား ခြိမ်းခြောက်ခြင်း၊ အင်အားသုံးစေခိုင်းခြင်း၊ မက်လုံးပေးဆွဲဆောင်ခြင်းများ မပြုလုပ်ရပါ။

လမ်းညွှန်ချက် (၂) လက်နက်ကိုင်ပဋိပက္ခများ၏အန္တရာယ်ကြောင့် စွန့်ခွာခြင်းခံထားရသော စာသင်ကျောင်းများ၊ တက္ကသိုလ်များကိုလည်း လက်နက်ကိုင်တပ်ဖွဲ့များ၏စစ်ရေးနှင့်ပတ်သက်သည့်မည်သည့် ရည်ရွယ်ချက်ဖြင့်မဆို အသုံးမပြုသင့်ပါ။ ဖြစ်နိုင်ခြေရှိသည့်အခြားသောနားခိုရာနေရာများမရှိတော့ဘဲ ရွေးချယ်စရာမရှိသည့် အနေအထားရောက်မှသာလျှင် စာသင်ကျောင်းများနှင့်တက္ကသိုလ်များကို နားခိုရန်အလို့ငှာ အသုံးပြုသင့်ပါသည်။ စာသင်ကျောင်းများ၊ တက္ကသိုလ်များနှင့်ယှဉ်လာလျှင် အခြားသောအဆောက်အအုံများသည် သက်သောင့်သက်သာ မရှိစေကာမူ ထိုအဆောက်အအုံများကိုသာရွေးချယ်အသုံးပြုသင့်ပါသည်။ သို့သော် အဆိုပါ အဆောက်အအုံများသည် လူသားချင်းစာနာမှုဆိုင်ရာအထောက်အကူပေးသောနေရာများ (ဥပမာ-ဆေးရုံ) ဖြစ်နေပါက အသုံးမပြုသင့်ပါ။ လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သောလက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် အရပ်သားများ၏ အဆောက်အအုံများ၊ ပစ္စည်းများကိုတိုက်ခိုက်ခံရခြင်းမှ ကာကွယ်ပေးရန်ဖြစ်နိုင်ခြေရှိသည့် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်လိုအပ်သည်ကိုလည်း အစဉ်အမြဲနားလည်သဘောပေါက်ထားရပါမည်။

(က) စွန့်ခွာခြင်းခံထားရသောစာသင်ကျောင်းများ၊ တက္ကသိုလ်များကိုအသုံးပြုမည်ဆိုပါက အသုံးပြုသည့် အချိန်သည် အနည်းဆုံးဖြစ်ရပါမည်။

(ခ) ပဋိပက္ခတွင်ပါဝင်သောလက်နက်ကိုင်တပ်ဖွဲ့များ၏ စစ်ရေးရည်ရွယ်ချက်ကိုအထောက်အကူပြုရန်အတွက် အသုံးပြုလျက်ရှိသော စွန့်ခွာခံထားရသည့် စာသင်ကျောင်းများ၊ တက္ကသိုလ်များကို လက်နက်ကိုင်တပ်ဖွဲ့များ ထွက်ခွာသွားပြီးချိန်တွင် ကျောင်းသားများနှင့်ဝန်ထမ်းများ၏ လုံခြုံမှုကိုမထိခိုက်စေဘဲ ပညာရေးအတွက် ပြန်လည်ဖွင့်လှစ်အသုံးပြုနိုင်ရန် ပညာရေးဝန်ထမ်းများက လုပ်ဆောင်သည့်အခါ လုပ်ဆောင်နိုင်ရန်အတွက် အနေအထားများထားရှိပေးခဲ့ရပါမည်။

(ဂ) လက်နက်ကိုင်တပ်ဖွဲ့များပြန်လည်ဆုတ်ခွာသွားပြီးချိန်တွင် စစ်ရေးနှင့်ပတ်သက်သည့် အစီအမံများ၊ ခံစစ်အတွက် ပြင်ဆင်ထားသည့် အနေအထားများအားလုံးကို စာသင်ကျောင်းများ၊ တက္ကသိုလ်များမှ ဖယ်ရှားပစ်ခဲ့ရပါမည်။ ထို့အပြင် အဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှုများရှိသွားခဲ့ပါက နဂိုမူလအတိုင်း ဖြစ်စေရန် တတ်နိုင်သမျှကြိုးစားပြင်ဆင်ပေးရပါမည်။ အဆိုပါပညာရေးဆိုင်ရာ နေရာများတွင်ထားရှိခဲ့သော လက်နက်များ၊ လက်နက်ကြီးများ၊ မပေါက်ကွဲသေးသောစစ်ရေးပစ္စည်းများ စစ်ရေးပစ္စည်းအကြွင်းအကျန်များကို ဖယ်ရှားပစ်ရပါမည်။

လမ်းညွှန်ချက် (၃) လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သောတပ်ဖွဲ့များအနေဖြင့် မိမိတို့နှင့်တိုက်ခိုက်လျက်ရှိသော အခြားဘက်မှ တပ်ဖွဲ့များအနာဂတ်တွင် အသုံးမပြုနိုင်စေရန်ရည်ရွယ်ချက်ဖြင့် စာသင်ကျောင်းများ၊ တက္ကသိုလ်များကို မည်သည့်အချိန်တွင်မျှ မဖျက်ဆီးရပါ။ ကျောင်းများ၊ တက္ကသိုလ်များသည် ဖွင့်လှစ်ထားသည် ဖြစ်စေ၊ အားလပ်ရက်များအတွက်ပိတ်ထားလျှင်ဖြစ်စေ၊ စွန့်ခွာသွားခြင်းခံရလျှင်ဖြစ်စေ ပြည်သူလူထု၏ ပိုင်ဆိုင်မှုပင်ဖြစ်ပါသည်။

လမ်းညွှန်ချက် (၄) လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သော တပ်ဖွဲ့များအနေဖြင့် ၎င်းတို့၏ စစ်ရေးရည်ရွယ်ချက်များကို အထောက်အကူပြုရန်ရည်ရွယ်လျက်အသုံးပြုသော စာသင်ကျောင်းများ၊ တက္ကသိုလ်များသည် အခြေအနေပေါ် မူတည်၍ စစ်ရေးဆိုင်ရာနေရာများအဖြစ်ပြောင်းလဲသွားနိုင်ပြီး တိုက်ခိုက်ခံရနိုင်သည့်နေရာများအဖြစ်သို့ကျရောက်သွားနိုင်ပါသည်။ ထို့ကြောင့်ပဋိပက္ခတွင်ပါဝင်သောလက်နက်ကိုင်တပ်ဖွဲ့များသည် အခြားတစ်ဖက်က ထိုနေရာများမှ ရှောင်ရှားခြင်းမရှိသည့်အတွက် မလွဲသာမရှောင်သာ တိုက်ခိုက်ရတော့မည့်အချိန်တွင် တိုက်ခိုက်မှုများမပြုလုပ်မီ ကြိုတင်သတိပေးခြင်းပြုလုပ်သင့်ပါသည်။

(က) စစ်ရေးဆိုင်ရာနေရာအဖြစ်သို့ရောက်ရှိသွားသော စာသင်ကျောင်း၊ တက္ကသိုလ်များကို မတိုက်ခိုက်မီ ပဋိပက္ခတွင်ပါဝင်သော လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ကလေးငယ်များအား အထူးအလေးပေး ကာကွယ်ခြင်း၊ လေးစားခြင်းတို့ကိုပြုလုပ်ရပါမည်။ ထို့အပြင် တိုက်ခိုက်မှုကြောင့်ပျက်စီးဆုံးရှုံးသွားသော စာသင်ကျောင်းနှင့် ထိုဒေသမှလူမှုအသိုင်းအဝိုင်း၏ ပညာရေးဆိုင်ရာအသုံးချနိုင်မှုတို့အပေါ် ရေရှည်သက်ရောက်မှု ရှိစေမည့် ဆိုးကျိုးများကိုလည်း အထူးအလေးပေး ထည့်သွင်းစဉ်းစားရပါမည်။

(ခ) ပဋိပက္ခတွင်ပါဝင်သောလက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် ကျောင်းများ၊ တက္ကသိုလ်များကို တစ်ဖက်ဖက်မှ ၎င်းတို့၏စစ်ရေးရည်ရွယ်ချက်များအားအထောက်အကူပြုရန်အသုံးချခြင်းကို အခြားတစ်ဖက်မှလည်း ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် ကျိုးကြောင်းခိုင်လုံမှုတသည်ဟု မယူဆသင့်ပါ။ လက်နက်ကိုင်တပ်ဖွဲ့များပြန်လည်ဆုတ်ခွာသွားပြီးချိန်တွင် စစ်ရေးနှင့်ပတ်သက်သည့် အစီအမံများ၊ ခံစစ်အတွက် ပြင်ဆင်ထားသည့် အနေအထားများ အားလုံးကို စာသင်ကျောင်းများ၊ တက္ကသိုလ်များမှ ဖယ်ရှားပစ်ခဲ့ရမည်ဖြစ်ပြီး၊ ပညာရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် အရပ်သားအာဏာပိုင်များလက်သို့ ပြန်လည်အပ်နှံခဲ့ရပါမည်။

လမ်းညွှန်ချက် (၅) စာသင်ကျောင်းများ၊ တက္ကသိုလ်များတွင် မရှိမဖြစ် လုံခြုံရေးယူရမည့် ကိစ္စရပ်များအတွက် အခြားသော လုံခြုံရေးယူမည့်သူများ မရှိတော့သည့် အချိန်မျိုးမှလွဲ၍ လက်နက်ကိုင် ပဋိပက္ခတွင်ပါဝင်တိုက်ခိုက်လျက်ရှိသော တပ်ဖွဲ့များအား လုံခြုံရေးယူရန်အတွက် စေလွှတ်ခြင်း မပြုသင့်ပါ။ ဖြစ်နိုင်ပါက ထိုကဲ့သို့အခြေအနေမျိုးတွင် လုပ်ရှားဆောင်ရွက်နိုင်ရန် လျောက်ပတ်စွာ လေ့ကျင့်ပေးထားသည့် အရပ်သားတာဝန်ရှိသူများကို လုံခြုံရေးအတွက် အသုံးပြုသင့်ပါသည်။ အခြေအနေအရ လိုအပ်လာပါက ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ၊ ကလေးငယ် များကိုလုံခြုံသည့်နေရာများသို့ ရွှေ့ပြောင်းထားပေးသင့်ပါသည်။

(က) ပဋိပက္ခတွင်ပါဝင်တိုက်ခိုက်လျက်ရှိသော လက်နက်ကိုင်တပ်ဖွဲ့များအနေဖြင့် စာသင်ကျောင်းများ၊ တက္ကသိုလ်များအတွက်လုံခြုံရေးယူထားရသည်ဆိုပါက အရပ်သားများအထိတ်တလန့်မဖြစ်စေရန်နှင့် ပညာသင်ကြားရေးကို အနှောင့်အယှက်မဖြစ်စေရန် ၎င်းတို့၏ တည်ရှိမှုကို အရပ်သားများမြင်နိုင်သော မြေပြင်နှင့် အဆောက်အအုံများမှရှောင်ရှား၍ လုံခြုံရေးယူသင့်ပါသည်။

လမ်းညွှန်ချက် (၆) လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သော တပ်ဖွဲ့များအနေဖြင့် ၎င်းတို့၏ တပ်ဖွဲ့ဆိုင်ရာစည်းမျဉ်းများ၊ လက်စွဲများ၊ စစ်ဆင်ရေးဆိုင်ရာစည်းမျဉ်းများ၊ စစ်ဆင်ရေးဆိုင်ရာအမိန့်များနှင့်အခြားသော သတင်းထုတ်ပြန်ရေးဆိုင်ရာ နည်းလမ်းများတွင် ယခုလမ်းညွှန်ချက်များကို တတ်နိုင်သမျှ ထည့်သွင်းဖော်ပြသင့်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် စစ်ပွဲအတွင်းအမိန့်ပေးသည့် အဆင့်ဆင့်တွင် လျော်ကန်သင့်မြတ်သော အလေ့အထများ ရရှိလာစေရန် အားပေးဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခတွင်ပါဝင်သော တပ်ဖွဲ့များသည် ယခုလမ်းညွှန်ချက်ပါအချက်အလက်များကို ဆောင်ရွက်နိုင်ရန်အတွက် သင့်တော်သည့် နည်းလမ်းများကို အသုံးပြုသွားသင့်ပါသည်။